# သွေးတွင်းပါအစိတ်အပိုင်းများ သွင်းခြင်း

သွေးသွင်းခြင်းဟုလည်းခေါ်သော သွေးတွင်းပါအစိတ်အပိုင်းများ (Blood Component) ကို သွင်းခြင်းက လူနာ၏အခြေအနေကို တိုးတက်စေနိုင်ပါသည်။ ယင်းက လူနာတစ်ဦး၏အသက်ကိုပင် ကယ်တင်နိုင်ပါသည်။ သွေးတွင်းပါအစိတ်အပိုင်းများ သွင်းခြင်းကြောင့် နေထိုင်မကောင်းဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းကြုံတွေ့ရသောလူနာအရေအတွက်က သွေးတွင်းပါပစ္စည်းများမှ ပေးနိုင်သောအကျိုးကျေးဇူးနှင့် နှိုင်းယှဉ်ပါက လွန်စွာမှနည်းပါးပါသည်။

သင် သို့မဟုတ် သင်၏ကလေးရရှိတော့မည့် သွေးတွင်းပါအစိတ်အပိုင်းများ သွင်းရသည့် အကြောင်းရင်း သို့မဟုတ် သီးခြားလိုအပ်ချက်အကြောင်းကို သင်၏ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပါ။

ထိခိုက်ဒါဏ်ရာတစ်ခုရအပြီး သို့မဟုတ် နေမကောင်းဖြစ်ခြင်းကြောင့် ပျောက်ဆုံးသွားသော သို့မဟုတ် နည်းပါးသွားသော သွေးကလပ်စည်းများ သို့မဟုတ် သွေးတွင်းရှိအခြားအရာများကို အစားထိုးရန်အတွက် သွေးတွင်းပါအစိတ်အပိုင်းများကို မကြာမကြာ သုံးလေ့ရှိပါသည်။

## သွေးတွင်းပါအစိတ်အပိုင်းများကို ဘယ်ကရပါသလဲ။

သွေးတွင်းပါအစိတ်အပိုင်းများကို စေတနာ့သွေးလှူရှင်များ၏ သွေးမှ ရယူထားပါသည်။ သွေးလှူဒါန်းရေးအစီအစဉ်များက အောက်ပါသူများအား သွေးလှူဒါန်းရန်ခွင့်ပြုပါသည် -

- လူနာတစ်ဦးက မိမိကိုယ်တိုင်အတွက်
- အမည်မသိ သွေးလှူရှင်များ
- အချို့သောအခြေအနေရပ်များတွင် လူနာမှ ခွဲခြားဖော်ပြသူတစ်ဦးဦး

သွေးကို အောက်ပါသွေးတွင်းပါအစိတ်အပိုင်းများမှ တစ်ခုခုအသွင်ရရှိအောင် ပြင်ဆင်လုပ်ဆောင်နိုင်ပါသည်။

### အလုံးစုံပါသောသွေး

အလုံးစုံပါသောသွေးတွင် သွေးနီဥများ နှင့် သွေးရည်ကြည် (ပလာစမာ) တို့ ပါဝင်ပါသည်။ အလုံးစုံပါသောသွေးကို နှလုံးဖွင့်ရသည့်ခွဲစိပ်မှုများအတွက် မကြာခဏ သုံးရလေ့ရှိပါသည်။ ယင်းကို မွေးကင်းစကလေးများ သွေးကလပ်စည်းများ ပြိုကွဲပျက်စီးသည့် ရောဂါရှိသော မွေးကင်းစကလေးများတွင် သွေးလဲသွင်းခြင်း (ကလေးငယ်တစ်ဦး၏ သွေးအားလုံးကို အစားထိုးလဲလှယ်ခြင်း) ၌လည်း အသုံးပြုနိုင်ပါသည်။ အခြားအကြောင်းရင်းများအတွက် ယင်းပစ္စည်းကို အသုံးပြုလေ့မရှိပါ။

### သွေးနီဥ သီးသန့်အထုတ်

သွေးနီဥများက အောက်ဆီဂျင်ကို တစ်ရှူးများဆီသို့ သယ်ဆောင်ပေးပါသည်။ သွေးနီဥ သီးသန့်အထုတ်တွင် အလုံးစုံပါသောသွေးမှ သွေးရည်ကြည်ကို ဖယ်ရှားထားပါသည်။ သွေးနီဥ ထုတ်များကို များသောအားဖြင့် သွေးပြန်ကြောတစ်ခုတွင်းသို့ နှစ်(၂) နာရီ မှ လေး (၄) နာရီ ကြာ ပေးသွင်းလေ့ရှိပါသည်။ သွေးယိုစီးခြင်း၊ သွေးကလပ်စည်းများပျက်စီးပြိုကွဲခြင်း (သွေးနီဥများ ပျက်စီးခြင်း)၊ သို့မဟုတ် ရိုးတွင်းချဉ်ဆီမှ သွေးနီဥနည်းနည်းသာထုတ်သောအချိန်များ၌ သွေးနီဥများကို အစားထိုးရန် ပေးသွင်းပါသည်။ သွေးကလပ်စည်းများထုတ်လုပ်မှု နည်းပါးရခြင်းအကြောင်းများမှာ - ရိုးတွင်းချဉ်ဆီ မကောင်းခြင်း၊ ရိုးတွင်းချဉ်ဆီထိခိုက်သော

ကင်ဆာရောဂါ၊ ကင်ဆာရောဂါတစ်မျိုးကုသရာတွင်အသုံးပြုသော ကင်ဆာဆေးဝါးများ၏ သက်ရောက်မှု၊ သို့မဟုတ် လမစေ့ပဲမွေးသောကလေးများ၌ သွေးအားနည်းမှု။

## လတ်လတ်ဆတ်ဆတ်အေးခဲထားသော သွေးရည်ကြည်

ယင်းအတွင်း၌ သွေးခဲစေသောပစ္စည်းများ ပါဝင်ပါသည်။ လတ်လတ်ဆတ်ဆတ်အေးခဲထားသော သွေးရည်ကြည်ဆိုသည်မှာ သွေးလှူရှင်ထံမှသွေးကို ထုတ်ယူပြီး အချိန်အနည်းငယ်အတွင်း အေးခဲ သိုလှောင်ထားသောသွေးရည်ကြည်ဖြစ်ပါသည်။ လတ်လတ်ဆတ်ဆတ်အေးခဲထားသော သွေးရည်ကြည်တွင် သွေးခဲစေသောပစ္စည်း အမြောက်အများ ပါဝင်ပါသည်။ ယင်းကို သွေးခဲစေသည့်ပစ္စည်းများ ပမာဏနည်းပါးမှုကို အစားထိုးရန်အတွက် တစ်မျိုးတည်း သုံးလေ့ရှိသလို ခရိုင်ယို ပရက်စီပီတိတ် (cryoprecipitate) ခေါ် အအေးခံအနည်ချထားသော အရာများနှင့် တွဲသုံးလေ့ရှိပါသည်။ ယင်းအား များသောအားခြင်း သွေးပြန်ကြောတစ်ခုတွင်းသို့ တစ် (၁) နာရီ မှ နှစ် (၂) နာရီ ကြာ ပေးသွင်းလေ့ရှိပါသည်။

## ပလိတ်လက် (Platelets) ခေါ် သွေးခဲပစ္စည်းများ

သွေးကိုခဲစေရာတွင် ကူညီသည့် သွေးကလပ်စည်းအစိတ်အပိုင်းများ။ ပလိတ်လက်များဆိုသည်မှာ သွေးကြောတွင်းရှိအပေါက်များကို ဖာပေးခြင်းဖြင့် သွေးထွက်ခြင်း သို့မဟုတ် သွေးခြေဥခြင်းကို ကာကွယ် သို့မဟုတ် ရပ်တန့်စေသည့် ကလပ်စည်းအပိုင်းအစများ ဖြစ်ကြသည်။ ပလိတ်လက်များကို များသောအားဖြင့် သွေးပြန်ကြောတစ်ခုတွင်းသို့ မိနစ်ပိုင်း မှ တစ်နာရီ ကြာကြာ ပေးသွင်းလေ့ရှိပါသည်။ အကယ်၍ လူနာတစ်ဦး၏ ရိုးတွင်းချဥ်ဆီက ပလိတ်လက်များ မထုတ်လုပ်ပါက တစ်ပတ်အတွင်း တစ် (၁) ကြိမ် သို့မဟုတ် နှစ် (၂) ကြိမ် (ပို၍အကြိမ်များများ) ပလိတ်လက်သွင်းယူရန် များသောအားဖြင့် လိုအပ်လေ့ရှိပါသည်။ လူနာတစ်ဦး၏ ပလိတ်လက်များက ဆေးဝါးများကြောင့်လည်းကောင်း နာမကျန်းခြင်းကြောင့် လည်းကောင်း လုပ်ဆောင်ပုံယိုယွင်းပျက်စီးခြင်းကြောင့် (သွေးအဆို့ရှင် အတုတစ်ခုကြောင့်) လည်းကောင်း မှန်ကန်သောနည်းဖြင့်အလုပ်မလုပ်ပါက ပလိတ်လက်များ ပေးရနိုင်ပါသည်။

## ခရိုင်ယို ပရက်စီပီတိတ် ခေါ် အအေးခံအနည်ချထားသောအရာ

ခရိုင်ယို ပရက်စီပီတိတ် ဆိုသည်မှာ အောက်ပါ သွေးခဲစေသောအရာအချို့သာပါဝင်သည့် သွေး၏တစ်စိတ်တစ်ပိုင်းဖြစ်ပါသည် - ဖက်တာ ၈ (ဟေမိုဖီးလီးယား အေ ရောဂါတွင် ချို့တဲ့သည်)၊ ဖောန် ဝီလီဘရန်း်ဒ် ဖက်တာ (von Willebrand factor) နှင့် ဖိုင်ဘရီနိုဂျင် (fibrinogen) ခေါ် သွေးခဲစေသည့် ပစ္စည်းများ ခရိုင်ယို ပရက်စီပီတိတ်ကို ယခုအခါ၌ များသောအားဖြင့် ဖိုင်ဘရီနိုဂျင် (သွေးခဲတစ်ခု ဖြစ်ပေါ်စေရန် လိုအပ်ပါသည်) ရင်းမြစ်တစ်ခုအဖြစ်သာ ပေးလေ့ရှိပါသည်။ အချို့သော ဟေမိုဖီးလီးယား အမျိုးအစားများရှိသော လူနာအချို့ သို့မဟုတ် ဖိုင်ဘရိနိုဂျင် ကင်းမဲ့သော လူနာများအနေဖြင့် သွေးခဲရာ၌ ချို့ယွင်းမှုကို ကုသရန် ခရိုင်ယိုပရက်စီပီတိတ် ရရှိနိုင်ပါသည်။ အလွန်တရာနာမကျန်းဖြစ်နေသောလူနာများတွင်လည်း DIC (သွေးကြောတွင်း ပျံ့နှံ့သွေးခဲခြင်း) ဟုခေါ်သည့် ပုံမှန်မဟုတ်သည့် သွေးခဲစေသောအခြေအနေတစ်ခု ဖြစ်ထွန်းနိုင်ပါသည်။ ယင်းက ခန္ဓာတွင်း သွေးခဲစေသောပစ္စည်းများ လျော့ကျစေပြီး သွေးထွက်လွန်ကဲခြင်း ဖြစ်စေနိုင်သည်။ ခရိုင်ယိုပရက်စီပီတိတ် ကို လတ်လတ်ဆတ်ဆတ်အေးခဲထားသော သွေးရည်ကြည် (အထက်တွင်ကြည့်ပါ) နှင့် အတူ နည်းပါးနေသော သွေးခဲစေသည့်ပစ္စည်းများအား အစားထိုးရာ၌ ကူညီရန် ပေးအပ်နိုင်ပါသည်။ ခရိုင်ယိုပရက်စီပီတိတ်ကို များသောအားဖြင့် သွေးပြန်ကြောတစ်ခုအတွင်းသို့ မိနစ်အနည်းငယ် မှ တစ်နာရီ ကြာသာ ပေးသွင်းလေ့ရှိပါသည်။

**ဂရန်နူလိုဆိုက် များ**

ကူးစက်တတ်သောရောဂါများကို တိုက်ခိုက်ရာတွင်ကူညီသော ကလပ်စည်းများ။ ဂရန်နူလိုဆိုက်များကို နူထရိုဖီးလ်း (neutrophils) များဟုလည်း ခေါ်ပါသည်။ ယင်းတို့သည် ဘက်တီးရီးယား သို့မဟုတ် မှိုတက်ရောဂါများကို တိုက်ထုတ်ရာတွင် ကူညီသော ကလပ်စည်းများ ဖြစ်ကြပါသည်။ ဂရန်နူလိုဆိုက်များကို သွေးတွင်း ဂရန်နူလိုဆိုက် အလွန်အမင်းနည်းပါးမှုရှိသောလူနာများ နှင့် ဆေးဝါးကို တုံ့ပြန်မှုမရှိသော လူနာများတွင် ပြင်းထန်သောကူးစက်ရောဂါများကို တိုက်ထုတ်ရာ၌ ကူညီရန် တစ်ခါတစ်ရံပေးသွင်းပါသည်။ များသောအားဖြင့် ဂရန်နူလိုဆိုက် များကို နေ့စဉ် ငါး (၅) ရက်ကြာ ပေးသွင်းပါသည် သို့မဟုတ် လူနာ၏ ဂရန်နူလိုဆိုက်ပမာဏက လူနာအနေဖြင့် မိမိဖာသာ ရောဂါကိုတိုက်ထုတ်ရန် ခွင့်ပြုသည့်အဆင့်သို့ ပြန်ရောက်သည်အထိ ပေးသွင်းပါသည်။ ဂရန်နူလိုဆိုက်များကို များသောအားဖြင့် သွေးပြန်ကြောတစ်ခုအတွင်း တစ် (၁) နာရီ မှ နှစ် (၂) နာရီကြာ ပေးသွင်းလေ့ရှိပါသည်။

## ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်များ

တစ်ခါတစ်ရံ၌ သွေးတွင်းပါ အစိတ်အပိုင်းတစ်ခုကို အသုံးပြုခြင်းဖြင့်ပေါ်ပေါက်သော မလိုလားအပ်သည့်တုံ့ပြန်မှုများ ရှိတတ်ပါသည်။ ယင်းတုံ့ပြန်မှုများမှ အများစုသည် ဖြစ်လေ့ဖြစ်ထမရှိတတ်ပဲ ဖြစ်လာပါကလည်း များသောအားဖြင့် အလွယ်တကူ စီမံဖြေရှင်းနိုင်ပါသည်။ အကယ်၍ မလိုလားအပ်သည့် တုံ့ပြန်မှုတစ်ခုခုပေါ်ပေါက်ပါက ပြဿနာကိုဖြေရှင်းရန် အခြားနည်းလမ်းများကို အသုံးပြုနိုင်ပါသည်။

- ခန္ဓာကိုယ်ခုခံစွမ်းအား မှတဆင့်ဖြစ်ပွားသည့် မလိုလားအပ်သောတုံ့ပြန်မှုများသည် လူနာ၏ ခန္ဓာကိုယ်ခုခံစွမ်းအားက သွေးတွင်းပါအစိတ်အပိုင်းများကို ဆန့်ကျင်တုံ့ပြန်သည့်အခါ၌ ပေါ်ပေါက်နိုင်ပါသည်။ အကယ်၍ သွေးတွင်းပါ အစိတ်အပိုင်းများတွင်းရှိ ခန္ဓာကိုယ်ခုခံသည့်ကလပ်စည်းများက လူနာ၏ ကလပ်စည်းများ သို့မဟုတ် အရည်များကို ဆန့်ကျင်တုံ့ပြန်ပါက ဖြစ်ပွားနိုင်ပါသည်။ ယင်းသို့သော တုံ့ပြန်မှုများက ဖြစ်လေ့ဖြစ်ထမရှိပါ။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်နိုင်ပါသည် -
    - ဓာတ်မတည့်သည့် တုံ့ပြန်မှုများ
    - အနာဖိုင်လေးတစ် ရီအက်ရှင် ခေါ် ဓာတ်မတည့်ခြင်းကြောင့်ဆက်ဖြစ်ပွားသည့် တုံ့ပြန်မှုများ
    - သွေးလည်ပတ်မှုတွင်းရှိ သွေးနီဥများ သို့မဟုတ် ပလိတ်လက်များ၏ သက်တမ်းကိုတိုစေသည့် ယင်းပစ္စည်းများကို ဆန့်ကျင်တိုက်ခိုက်သည့် ပဋိပစ္စည်းများ ပေါ်ထွန်းခြင်း
    - သွေးသွင်းမှုနှင့် ဆက်စပ်ဖြစ်ပွားသည့် အဆုတ်တစ်ရှူးများ ပျက်စီးယိုယွင်းမှု (TRALI)
    - သွေးနီဥများ ဖြေးဖြေးချင်း ပျက်စီးယိုယွင်းမှု
    - အစားထိုးတစ်ရှူး နှင့် အိမ်ရှင်တစ်ရှူး အပြန်အလှန်တိုက်ခိုက်သည့် ရောဂါ (GVHD)

- ယင်းတို့တွင် ခန္ဓာခုခံစွမ်းအားနှင့် မဆက်စပ်သည့် မလိုလားအပ်သည့်တုံ့ပြန်မှုများလည်း ပေါ်ပေါက်နိုင်ပါသည်။ ယင်းတို့မှ အများစုမှာ ရှားပါးပါသည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်နိုင်ပါသည် -
    - သွေးယိုစီးသည့် ပြဿနာများ
    - အရည် လွန်ကဲများပြားခြင်း
    - သွေးတွင်းပါ အစိတ်အပိုင်းများတွင်းရှိ ပိုလျှံ ပိုတက်ဆီယမ်များမှ တုံ့ပြန်မှု
    - သွေးတွင်း ကယ်လဆီယမ်ဓာတ် နည်းပါးမှုကြောင့်ဖြစ်သည့် လက်များ နှင့် နှုတ်ခမ်းများ ထုံကျဉ်ခြင်း

    - ကိုယ်ခန္ဓာတစ်ရှူးများအတွင်း သံဓာတ်များ ပိုလျှံများပြားခြင်း (ယင်းက သွေးနီဥ ၁၀၀ ယူနစ်ထက်ပိုပြီး လက်ခံသွင်းယူရရှိခဲ့သော လူနာများတွင် ဖြစ်ပေါ် နိုင်ပါသည်)
- ဘက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုးတစ်မျိုး (ဆိုက်တိုမက်ဂလိုဗိုင်းရပ်စ် (cytomegalovirus) **အသည်းရောင် အသားဝါ ဘီ နှင့် စီ၊ သို့မဟုတ် အိတ်ချ်အိုင်ဗွီ (HIV)** စသဖြင့်) သို့မဟုတ် ပါရာဆိုက်ခေါ် ကပ်ပါးကောင်တစ်မျိုးရှိနေသော သွေးတွင်းပါ အစိတ်အပိုင်းတစ်ခုကို အသုံးပြုခြင်းကြောင့် ကူးစက်ရောဂါတစ်မျိုး ဖြစ်ပေါ် နိုင်ပါသည်။ သွေးလှူရှင်များကို စိစစ်ခြင်း နှင့် သွေးကို စစ်ဆေးခြင်း နှင့် စစ်ထုတ်ခြင်းများက အမေရိကန် ပြည်ထောင်စုတွင်း ထောက်ပံ့သောသွေးကို ယခင်အချိန်များထက်ပိုပြီး အန္တရာယ်ကင်းအောင် ပြုလုပ်ပေးပါသဖြင့် သွေးသွင်းခြင်းမှရရှိသော ကူးစက်ရောဂါများမှာ အဖြစ်နည်းပါးပါသည်။ အသည်းရောင်အသားဝါ ဘီ (Hepatitis B) ရရှိမည့်အန္တရာယ်ကို ကာကွယ်ဆေးထိုးခြင်းဖြင့် ထပ်ဆောင်းလျှော့ချနိုင်ပါသည်။

သင်၏ ကျန်းမာရေးစောင့်ရှောက်ပေးသောအဖွဲ့နှင့် စကားပြောဆိုခြင်း၊ မလိုလားအပ်သည့် တုံ့ပြန်မှုများဆိုင်ရာ အသေးစိတ်အကြောင်းအရာများကိုဖတ်ခြင်း နှင့် အကြံပြုသော ဝက်ဘ်ဆိုက်များတွင်း ဝင်ကြည့်ခြင်းဖြင့် ယင်းအန္တရာယ်များအကြောင်းကို ပိုမိုလေ့လာပါ။

## ဖြစ်နိုင်ချေရှိသောပြဿနာတစ်ခု၏ သွင်ပြင်လက္ခဏာများ

စောင့်ကြည့်ရမည့် သွင်ပြင်လက္ခဏာများတွင် အောက်ပါတို့ပါဝင်ပါသည် -

- ပါးစပ်မှတိုင်း၍ အဖျား ၁၀၀.၆ ဒီဂရီ ဖာရင်ဟိုက် (၃၈ ဒီဂရီ စင်တီဂရိတ်) ရှိခြင်း၊ သွေးဖိအားအပြောင်းအလဲရှိခြင်းများ
- ချမ်းတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျော့ခြင်း သို့မဟုတ် ကျောနာခြင်း
- ဆီးအရောင်ရင့်ခြင်း၊ အင်ပျဉ်ထခြင်း၊ ယားယံခြင်း၊ တစ်ဝီးဝီးအသက်ရှူရခြင်း သို့မဟုတ် အသက်ရှူမြန်ခြင်း သို့မဟုတ် အသက်ရှူရခက်ခြင်း
- ခြေဖမိုးများ သို့မဟုတ် ခြေကျင်းဝတ်များရောင်ခြင်း၊ သို့မဟုတ် သွေးမသွင်းမီကမရှိသည့် ချောင်းဆိုးခြင်း၊
- နှောင့်နှေးတုံ့ပြန်ချက်များ။ ရှားရှားပါးပါးကိစ္စရပ်များ၌ သွေးနီဥသွင်းပြီး သုံး (၃) ရက်မှ ဆယ် (၁၀) ရက် ကြာပြီးနောက် နှောင့်နှေးတုံ့ပြန်ချက်များ ဖြစ်ပေါ် နိုင်ပါသည်။ အကယ်၍ သွေးသွင်းပြီး သုံး (၃) ရက်မှ ဆယ် (၁၀) ရက် ကြာပြီးနောက် သင်၏ကလေးတွင် အဖျားရှိလာပါက သို့မဟုတ်  ဖြူဖတ်ဖြူလျော်ဖြစ်လာပါက သို့မဟုတ် အသားဝါ (အရေပြား နှင့် မျက်သားဖြူနေရာ ဝါခြင်း) လာပါက သင့်ကလေး၏ဆရာဝန်ကို ဖုန်းခေါ်ဆိုပါ။

အကယ်၍ သွေးပစ္စည်းတစ်မျိုးမျိုးသွင်းပြီးနောက် သင်၏ကလေး၌ အထက်ပါသွင်ပြင် လက္ခဏာများရှိလာပါက သင်၏ သူနာပြု သို့မဟုတ် ဆရာဝန်အား ချက်ချင်းဖုန်းခေါ်ဆိုပါ။

## ရွေးလိုကရွေးချယ်စရာများ

တစ်ခါတစ်ရံ၌ အခြားရွေးချယ်စရာများ ရှိတတ်ပါသည်။ သင့်ကလေး၏အခြေအနေပေါ်မူတည်ပြီး မည်သည့်ရွေးချယ်စရာတစ်ခုကို အသုံးပြုနိုင်ကြောင်း သင်၏ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က သင်နှင့် စကားပြောဆိုနိုင်ပါသည်။ ယင်းတို့တွင် ပါဝင်သည်များမှာ -

- သွေးနီဥများ ပိုမိုထုတ်လုပ်ရန် ရိုးတွင်းချဉ်ဆီကို လှုံ့ဆော်ပေးသည့်ဆေးများ (erythropoietin)၊ သွေးဖြူဥအတွက် (granulocyte-colony stimulating factor) နှင့် ပလိတ်လက်များအတွက် (interleukin-11) ဆေးများ။ ဆေးဝါးအသစ်များကို တီထွင်ထုတ်လုပ်နေပါသည်။

- သွေးယိုစီးသည့် ပြဿနာများကို အောက်ပါအတိုင်း ကုသနိုင်ပါသည် - သွေးခဲစေသည့် သီးသန့်ပစ္စည်းများ ( သွေးခဲ ဖက်တာ  (Coagulation Factor VIII) သို့မဟုတ် ဖက်တာ  (IX) ပျစ်ပျစ် စသဖြင့်) ပေးခြင်း၊ သို့မဟုတ် ပါးစပ်နှင့်လည်ချောင်းတွင်း သွေးယိုစီးသည့်အန္တရာယ်ကိုလျှော့ကျစေသည့် ဆေးများ (Amicar) ပေးခြင်း သို့မဟုတ် သွေးခဲစေသောသီးခြားပစ္စည်း (DDAVP) ၏ပမာဏကို မြှင့်ပေးခြင်း။ အကယ်၍ သွေးယိုစီးခြင်းက ကိုယ်ခန္ဓာအတွင်း ဟက်ပရင် ခေါ် သွေးကျဲစေသည့်အရာ များပြားလွန်းခြင်းကြောင့် ဖြစ်ပါက ပရိုတမင်း ဆာလဖိတ် ဖြင့် ပြင်ဆင်ပြောင်းလဲနိုင်ပါသည်။
- ခွဲစိပ်မှုပြုလုပ်ရသည့် အချို့သောလူနာများအနေဖြင့် ၄င်းတို့၏ကိုယ်ပိုင်သွေးကို ခွဲစိပ်မှုမလုပ်မီ သိမ်းဆည်းထားနိုင်ပါသည်။ ခွဲစိပ်မှုအပြီး၌ ၄င်းတို့အနေဖြင့် ၄င်းတို့ကိုယ်ပိုင်သွေး (ကိုယ်ပိုင် ယူနစ် (autologous unit) တစ်ခု) ကို ပြန်လည်ရရှိနိုင်သည်။ အခြားလူနာများအနေဖြင့် ခွဲစိပ်မှုပြုလုပ်နေစဉ် ထွက်သောသွေးကို ၄င်းတို့ကိုယ်တွင်း ပြန်လည်ပေးသွင်းမှု ရရှိနိုင်ပါသည် (ခွဲစိပ်စဉ် စုဆောင်းသည့်လုပ်ထုံးလုပ်နည်း)
- အကယ်၍ သွေးလှူရှင်သည် တိုက်ဆိုင်အဆင်ပြေပြီး သွေးက ကူးစက်ရောဂါဖြစ်စေသည့် အရာများကင်းရှင်းပါလျှင် သွေးသွင်းရန်အတွက် သီးသန့်သွေးလှူရှင်တစ်ဦး၏ သွေးကိုပေးရန် သင်တောင်းဆိုနိုင်ပါသည်။ အတွေ့အကြုံများအရ ယင်းသို့သော ညွှန်ပြသွေးလှူရှင်များက ပုံမှန်စေတနာ့သွေးလှူရှင်တစ်ဦး ထံမှရသည့်သွေးထက် ပိုပြီးဘေးအန္တရာယ်ကင်းရှင်းသည်ဟူ၍ မရှိပါ။ အချို့လူနာများမှာ ခွဲစိပ်မှုပြီးစီးပြီးရက်အနည်းငယ်ကြာသည်အထိ ဟေမိုဂလိုဘင် (hemoglobin) ပမာဏ နိမ့်ခြင်းကို ခံနိုင်ရည်ရှိပြီး သံဓာတ်ပိုမိုသုံးစွဲခြင်းဖြင့် ၄င်းတို့၏ ကိုယ်ပိုင်သွေးအထောက်အပံ့ ရရှိအောင် ပြန်လည်တည်ဆောက်နိုင်ပါသည်။
    - ညွှန်ပြသွေးလှူရှင်ထံမှ သွေးကို မွေးကင်းစအထူးဂရုစိုက်စောင့်ရှောက်ရေး အခြေအနေတွင် ရှားရှားပါးပါးသာအသုံးပြုကြောင်းမှတ်သားပါ၊ အဘယ်ကြောင့်ဆိုသော် ယင်းသွေးကို စိစစ်ရန် နှင့် ပြင်ဆင်ရန် လုပ်ငန်းစဉ်က အချိန်လိုအပ်သောကြောင့် ဖြစ်ပါသည်။
- အချို့လူနာများသည် ဘာသာရေးအကြောင်းပြချက်အရ သွေးပစ္စည်းသွင်းခြင်းများကို ရှောင်ကျဉ်ရန် ကြိုးစားကြသည်။ အဆိုပါသူများအတွက် အထက်ပါ ရွေးလိုကရွေးချယ်စရာများ ရရှိနိုင်ပါသည်။ သွေးအစားထိုးပစ္စည်းတစ်မျိုးက ၄င်းတို့အတွက် အနာဂတ်တွင် ရွေးချယ်စရာတစ်ခု ဖြစ်လာနိုင်ပါသည်။

## ရင်းမြစ်များ

သွေးတွင်းပါအစိတ်အပိုင်းများအကြောင်း အချက်အလက်ပိုမိုသိရှိလိုပါက သင့်ကလေး၏ဆရာဝန်နှင့် စကားပြောဆိုပါ။ အောက်ပါ ဝက်ဘ်ဆိုက်များတွင်လည်း အချက်အလက်များ သင်တွေ့ရှိနိုင်ပါသည် -

- အမေရိကန် သွေးလှူဘဏ် အဖွဲ့အစည်း (AABB)
- အမေရိကန် ကြက်ခြေနီအဖွဲ့ (The American Red Cross)
- ဟော့ခ်စ်ဝါ့သ် သွေးစင်တာ (Hoxworth Blood Center)

နောက်ဆုံးပြင်ဆင်ခဲ့သောနေ့ - 2021/08

Cincinnati Children's™